သင်တို့သည် ကျမ်းရပုဂ္ဂိုလ်များကို ထောက်ခံခြင်းလဲမပြုကြနှင့် ငြင်းပယ်ခြင်းလည်း မပြုကြနှင့်။

သင်တို့သည် ကျမ်းရပုဂ္ဂိုလ်များကို ထောက်ခံခြင်းလဲမပြုကြနှင့် ငြင်းပယ်ခြင်းလည်း မပြုကြနှင့်။

သင်တို့သည် ဤအတိုင်းသာပြောဆိုကြကုန် (ကျွန်ုပ်တို့သည်အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊

ကျွန်ုပ်တို့ထံချပေးခြင်းခံရသည့်

ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်းအီမာန်သက်ဝင်ယုံကြည်ခဲ့ကြပါသည်။)

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ဂျူး(ယဟူဒီ)တို့သည်
သောင်ရာသ်ကျမ်းကို ဟီဗရူးဘာသာစကားဖြင့် ဖတ်ရွတ်ပြီးမွတ်စ်လင်မ်များကို
အရဗီဘာသာစကားဖြင့် ရှင်းပြလေ့ရှိကြသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်တော်မူသည်မှာ- သင်တို့သည်
ကျမ်းရပုဂ္ဂိုလ်များကို ထောက်ခံခြင်းလဲ မပြုကြနှင့် ငြင်းပယ်ခြင်းလည်း
မပြုကြနှင့်။ သင်တို့သည် ကျမ်းရပုဂ္ဂိုလ်များကို ထောက်ခံခြင်းလဲ မပြုကြနှင့်
ငြင်းပယ်ခြင်းလည်း မပြုကြနှင့်။ သင်တို့သည် ဤအတိုင်းသာပြောဆိုကြကုန်
(ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊
ကျွန်ုပ်တို့ထံချပေးခြင်းခံရသည့် ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်းအီမာန်သက်ဝင်ယုံကြည်ခဲ့ကြပါသည်။) ကုရ်အာန် (၂:၁၃၆) [صحيح] [رواه البخاري]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် မိမိ၏အွမ္မသ်နောက်လိုက်များကိုကျမ်းရပုဂ္ဂိုလ်များက ၎င်းတို့၏ ကျမ်းဂန်များမှ ဖတ်ကြားပြောပြသည့် စကားများဖြင့်လှည့်ဖျားမခံရစေရန် သတိပေးတော်မူခဲ့သည်။ ကျမ်းရပုဂ္ဂိုလ် ယဟူဒီတို့သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ခေတ်သမယ၌ သောင်ရာသ်ကျမ်းကို၎င်းတို့၏ဘာသာစကားဖြစ်သည့် ဟီဗရူးဘာသာစကားဖြင့်ဖတ်ပြပြီး အစ္စလာမ်ဘာသာဝင်များကိုအရဗီဘာသာဖြင့် ရှင်းပြလေ့ရှိသည်။ ၎င်းတို့ပြောကြားချက်များသည်အမှားအမှန်မသိရသည့်အတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသင်တို့ကျမ်းရပုဂ္ဂိုလ်များကို ထောက်ခံခြင်းလည်းမပြုကြနှင့်ငြင်းပယ်ခြင်းလည်းမပြုကြနှင့်ဟု မိန့်ကြားတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည်ကျွန်ုပ်တို့အား ကျွန်ုပ်တို့အပေါ်ချပေးထားသည့် ကုရ်အာန်ကျမ်းမြတ်နှင့်၎င်းတို့အပေါ်ချပေးခဲ့သည့် ကျမ်းဂန်များအပေါ် အီမာန် သက်ဝင်ယုံကြည်ရန်
အမိန့်ပေးထားသည်။ သို့သော် ၎င်းတို့တင်ပြလိုက်သည့်အရာများနှင့်စပ်လျဥ်း၍
ကျွန်ုပ်တို့၏ ရှရီအဟ်တရားတော်၌ အမှားအမှန် ရှင်းပြထားခြင်းမရှိလျှင်ထိုကျမ်းဂန်များမှ ၎င်းတို့၏တင်ပြချက်များသည် မှန်ကန်ပါသည်ဟု သိနိုင်ရန်

နည်းလမ်းမရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထောက်ခံခြင်းလဲမပြု၊ငြင်းပယ်ခြင်းလည်း မပြုကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပြောင်းလဲထားသည့်ကဏ္ဍများတွင် ကျွန်ုပ်တို့သည်၎င်းတို့နှင်အတူ မဖြစ်စေရန်အတွက် ၎င်းတို့အားထောက်ခံခြင်းမပြုပေ။ ထို့အတူ ၎င်းတို့၏တင်ပြချက်သည် မှန်ကောင်းမှန်နေလျှင်ကျွန်ုပ်တို့သည် ယုံကြည်ရန်အမိန့်ခြင်းခံရသောအရာကို ငြင်းပယ်သလိုဖြစ်သွားနိုင်သည့်အတွက် ငြင်းပယ်ခြင်းလဲမပြုပေ။ သို့ဖြစ်၍တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကျွန်ုပ်တို့အားဤကဲ့သို့ပြောဆိုရန်သာ အမိန့်ပေးတော်မူခဲ့သည်။ (အို-မွတ်စ်လင်မ်အပေါင်းတို့) အသင်တို့သည် ဤသို့ပြောဆိုကြကုန်လော့၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ အကျွန်ုပ်တို့ထံ ပို့ချသော ဓမ္မဒေသနာ (ကုရ်အာန်ကျမ်းမြတ်) ကိုလည်းကောင်း၊ နဗီတမန်တော် အစ်ဗ်ရာဟီမ်(အလိုင်းဟိစ္စလာမ်)၊ နဗီတမန်တော်အစ္စမာအီလ်(အလိုင်းဟိစ္စလာမ်)၊ နဗီတမန်တော် အစ္စဟာက်(အလိုင်းဟိစ္စလာမ်)၊ နဗီတမန်တော်ယအ်ကူဗ်(အလိုင်းဟိစ္စလာမ်)နှင့် နဗီတမန်တော် ယအ်ကူဗ်(အလိုင်းဟိစ္စလာမ်)၏ အမျိုးအနွယ်သားမြေးတို့ထံ ထုတ်ပြန်ပို့ချသော တရားဒေသနာတော်များကို လည်းကောင်း၊ ယုံကြည်ကြပါသည်။ထို့ပြင် နဗီတမန်တော် မူစာ(အလိုင်းဟိစ္စလာမ်)နှင့် နဗီတမန်တော်အီစာ(အလိုင်းဟိစ္စလာမ်)တို့အား ပေးသနားတော်မူခြင်းခံရသော တရားဓမ္မများကိုလည်းယုံကြည်ကြပါပြီ။ ထို့ပြင်အကျွန်ုပ်တို့သည် နဗီတမန်တော်အပေါင်းတို့ထံသို့ထိုနဗီတမန်တော်များကို မွေးမြူတော်မူသောအရှင်၏ အထံတော်မှပေးသနားတော်မူခြင်းခံရကုန်သော ဒေသနာတော်များကိုလည်း ယုံကြည်ကြပါပြီ။ (ထိုသို့ယုံကြည်ရာ၌) အကျွန်ုပ်တို့သည် ထိုနဗီတမန်တော် အပေါင်းတို့အနက်မှနဗီတမန်တော်တစ်ပါးကို အခြားနဗီတမန်တော်တစ်ပါးနှင့် လုံးဝခွဲခြားခြင်းလည်းမပြုကြပါ၊ အမှန်သော်ကား ကျွန်ုပ်တို့သည် ထိုအလ္လာဟ် အရှင်မြတ်၏ ဒေသနာတော်ကိုသာလျှင်လိုက်နာသူများပင် ဖြစ်ကြပါသည်။ စူရဟ် ဗကရဟ် - (၂:၁၃၆)

http://sunnah.global/hadeeth/my/show/65046